ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်၊ စနေနေ့၊ (6-3-2004) (၄၁၆၇)

ယနေ့ထုတ်စောင်ရေ ၁၉၅၄၅၇

အတ္တသမ္မာ ပဏိဓိ စ
တေံ မင်္ဂလ မုတ္တမံ။

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၆

၂၀၀၄ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန် အေဂျေကွမ် ကူဖိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကျင်းပ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်

ရန်ကုန် မတ် ၅

"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏"ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန် (ဂန္ထဓုရ)၊ ပဋိပတ္တိတာဝန်(ဝိပဿနာဓုရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်း၊ပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို နှစ်စဉ် ဆက်ကပ်လျက်ရှိသည်။

ဆက်ကပ်လှူဒါန်းခဲ့

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် စာမျက်နှာ ၂၀ ကော်လံ ၁ သို့

စည်ကားသိုက်မြိုက်စွာ ကျင်းပ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပစဉ်။ (ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၆–၃–၂၀၀၄
(စနေနေ့)

ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲကြိုးပမ်း

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။ တနင်္သာရီတိုင်းကဲ့သို့ ဒေသတွင် စပါးကိုတိုးချဲ့စိုက်ပျိုးလာသည်နှင့်အမျှ ဒေသဆန်ဖူလုံနိုင်မာလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ ဒေသအလိုက် ဖြန့်ကြက်မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က တနင်္သာရီတိုင်း ခရီးစဉ်အတွင်း မြိတ်မြို့သို့သွားရောက်၍ အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ မြိတ်တက္ကသိုလ်နှင့် အထွေထွေရောဂါကုဆေးရုံကြီးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြိတ်မြို့ ပုလဲရတနာခန်းမ၌ သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ **နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး အလုပ်ဖြင့်တုံ့ပြန်နိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဟန်ချက်ညီညီပူးပေါင်းလက်တွဲ၍ ဒေသဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းတည်ဆောက် သွားကြရမည် ဖြစ်ကြောင်း** မှာကြားခဲ့သည်။

တနင်္သာရီတိုင်းသည် ရေ၊ မြေသဘာဝသယံဇာတများ ပေါများကြွယ်ဝသည်။ ပင်လယ်ပြင်ကမ်းနီး၊ ကမ်းဝေးငါးပုစွန်လုပ်ငန်း၊ ပုလဲမွေးမြူရေးလုပ်ငန်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

တိုင်းအတွင်း မြေလွတ်၊ မြေရိုင်းများစွာ ရှိနေသည်ဖြစ်ရာ မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ စပါးနှင့် ငရုတ်ကောင်းကဲ့သို့ ဝင်ငွေတိုးအကျိုးရှိစေမည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်သည်။ ထို့အပြင် ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ဆီအုန်းနှင့်ရော်ဘာတို့ကို ဖိဖိစီးစီးတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်ပသို့ပင် တင်ပို့နိုင်မည်ဖြစ်သည်။

နိုင်ငံတော်က တနင်္သာရီဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မြိတ်တက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်တို့ကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

တိုင်းအတွင်း၌ မြိတ်ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံ၊ ထားဝယ်ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံ၊ ကော့သောင်းခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးများနှင့် အခြားဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့အဆင့်မြှင့်တင်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးအပါအဝင် အခြေခံအဆောက်အအုံများစွာကို နိုင်ငံတော်ကစွမ်းအားရှိသမျှ တည်ဆောက်ဖြည့်တင်းပေးလျက်ရှိသည်။ ဒေသခံပြည်သူများက ရေ၊ မြေ သဘာဝသယံဇာတ အခြေအနေပေးမှုများကို အကျိုးရှိရှိ ထုတ်ယူအသုံးချပြီး ကြိုးပမ်းအားထုတ်ကြရန် လိုအပ်သည်။

သို့ဖြစ်ရာနိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲ၍ ကြိုးပမ်းတည်ဆောက်သွားကြရန် ကြေးမုံ က တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာတော်ကို ချီးမြှင့်ထောက်ပံ့သည့် မင်းကောင်းမင်းမြတ်တို့ ပေါ်ပေါက်လာခဲ့လျှင် သာသနာတော်သည် တိုးတက်ကြီးပွားမြဲဖြစ်

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆင်ယင်ကျင်းပအပ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနား၌ အဘိဓေမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဩသဓာဘိဝံသ မဟာထေရ် မိန့်ကြားတော်မူအပ်သော သမ္ဘောဒနီယဩဝါဒကထာ –

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသက သမ္ဘောဒနီယ ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော သက်တော်ရှည်နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများ၊ ပြည်တွင်းပြည်ပမှ ဘွဲ့တံဆိပ်တော်အပူဇော်ခံမည့် ဆရာတော်အရှင်မြတ်တို့ဘုရား– ဤဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကြီး၌ ဘုရားတပည့်တော်အား သံဃာတော်များကိုယ်စား သမ္ဘောဒနီယဩဝါဒ စကားပြောကြားခွင့် ပြုတော်မူကြပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော် ပွဲအခမ်းအနားကြီးသို့ သဒ္ဓါပသန္နသောမနဿ ကုသိုလ်ဇော အစဉ်ဖြင့် ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ တက်ရောက် ကြည်ညိုပူဇော်ကြသည့် နိုင်ငံတော်အကြီးအကဲများ အမှူးရှိသော ဥပါသကာ၊ ဥပါသိကာ သူတော်စင်အပေါင်းတို့–

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် ထောက်ရာငှက်ပျောသကဲ့သို့ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် တက်လိုက်နိမ့်လိုက်ဖြင့် အတက်နှင့် အကျဒွန်တွဲလျက်ရှိပေသည်။ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သည့် မင်းကောင်းမင်းမြတ်တို့ ပေါ်ပေါက်လာခဲ့လျှင် သာသနာတော်သည် တိုးတက်ကြီးပွားမြဲဖြစ်သည်။ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သော သာသနာပြုမင်းမှ ကင်းကွာခဲ့လျှင် သာသနာတော်ကြီးသည် မစည်ပင်မပြန့်ပွားဘဲ ဆုတ်ယုတ်နိမ့်ကျသွားနိုင်ပေသည်။

ထို့ကြောင့် သာသနာတော်သည် အစိုးရမင်းတို့က အမှီရမှ တိုးတက်စည်ပင် ပြန့်ပွားနိုင်ကြောင်းကို သာသနံ နာမ ရာဇာနံ နိဿာယ တိဋ္ဌတေ။ “သာသနံနာမ – မြတ်စွာဘုရား သာသနာတော်မည်သည်ကား။ ရာဇာနံ – သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သော မင်းကောင်းမင်းမြတ်ကို။ နိဿာယ–အမှီပြု၍။ တိဋ္ဌတေ–တည်တံ့နိုင်၏”ဟူ၍ ရှေးစာပေကျမ်းဂန်များ၌ မိန့်ဆိုထားပါသည်။

သို့ဖြစ်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးသည် ရဟန်းတော်များ တာဝန်သက်သက်သာ မဟုတ်ဘဲ အစိုးရမင်းများ၏ ချီးမြှောက်ထောက်ပံ့မှု လိုအပ်ကြောင်း သိသာလှပေသည်။

ဤအကြောင်းနှင့်စပ်၍ သာဓကတစ်ခုကို တင်ပြလိုပေသည်။ သာသနာ့သမိုင်းတွင် အလွန်ထင်ရှားသော သီရိဓမ္မာသောကမင်းကြီးသည် သာသနာပြုမင်းဖြစ်သည့်အတိုင်း သာသနာတော်အား လိုလေသေးမရှိအောင် ထောက်ပံ့ချီးမြှောက်ခဲ့သည်။ အနေအစားချို့တဲ့လာကြသော သာသနာပ တိတ္ထိများသည် မိမိတို့ကိုယ်တိုင် သင်္ကန်းဝတ်ကာ သာသနာတော်သို့ ဝင်ရောက်လာခဲ့ကြသည်။ ယင်းသို့ တိတ္ထိများ သာသနာတော်သို့ ဝင်ရောက်လာခြင်းကြောင့် သာသနာတော်သည် အတုအယောင်များဖြင့် မသန့်မရှင်း ညစ်နွမ်းခဲ့ရသည်။

သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ်မြတ်ကြီး၏ ဩဝါဒကို ခံယူကာ ထိုသာသနာညစ်နွမ်းမှုကို သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ခဲ့ပေသည်။ မင်းကြီးသည် သာသနာတော် သန့်ရှင်းပြီးသောအခါ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ဟူသော အရေအတွက်အရ ဓမ္မက္ခန္ဓာ တစ်ပါးလျှင် ကျောင်းတိုက် တစ်တိုက်စီ ပူဇော်သောအားဖြင့် ရွာကြီးများအပါအဝင် တစ်မြို့လျှင် တစ်ကျောင်းတိုက်စီ ဆောက်လုပ်လှူဒါန်းပူဇော်သည်။ နေရာအနှံ့အပြားတွင် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်ကိုလည်း တည်ထားကိုးကွယ်ပြီး သာသနာတော် မပျံ့နှံ့သေးသော ကိုးတိုင်း ကိုးဌာနသို့လည်း သာသနာပြုရဟန်းတော်များစေလွှတ်ကာ သာသနာတော် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှေးမင်းကောင်းမင်းမြတ်တို့၏ သာသနာပြုထုံးကို နှလုံးမူလျက် သာသနာ့ဝန်ထမ်း ရဟန်းတော်များအား တောရောမြို့ပါမကျန် ပြည်နယ်တိုင်းစုံအနှံ့ ပစ္စည်းလေးပါးဖြင့် လှူဒါန်းထောက်ပံ့ခြင်း၊ ဘုရား ကျောင်းကန်မရှိသေးသော အစွန်အဖျား နယ်စပ်ဒေသများ၌ ဘုရားကျောင်းကန်များ တည်ဆောက် လှူဒါန်းခြင်း၊ သာသနာပြုရဟန်းတော် မရှိသေးသော အရပ်ဒေသများသို့ သာသနာပြုရန် ရဟန်းတော်များ စေလွှတ်၍ သာသနာပြုစေခြင်းတို့ဖြင့် သာသနာတော် တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိပေသည်။

ထို့ကြောင့် သာသနာတော်မြတ်ကြီး အစဉ်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ရဟန်းတော်များဘက်မှလည်း “စာပေပရိယတ္တိ သင်ကြားပို့ချခြင်း၊ ဟောပြောဆုံးမခြင်း၊ ဂန္ထဓုရတာဝန်၊ တရားဘာဝနာ ပွားများခြင်း၊ ဝိပဿနာဓုရတာဝန်” ဟူသော ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ကြ၍ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ၊ ဥပါသိကာများဘက်မှလည်း သာသနာတော်အတွက်လိုအပ်သော ပစ္စည်းလေးပါး ထောက်ပံ့ခြင်း၊ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ကြ၍ ဆရာဒကာ အချင်းချင်း ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အမှီသဟဲပြု၍ ဆောင်ရွက်ကြပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် အနှစ်ငါးထောင်မကကြာအောင် တည်တံ့နေမည်ဖြစ်ကြောင်း မိန့်ကြားရင်း ဘုန်းကြီး၏ သမ္ဘောဒနီယ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည်။ ။

မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၈ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၃၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၆၀)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ မတ် ၇ရက် နံနက် ၁၀နာရီနောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ ပဲခူးမြို့ မြသာလျောင်းရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် လုပ်ငန်းခွင်တွင် ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပဲခူးမြို့ ကျက်သရေဆောင် တမ္ပလောဟမဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့် ထေရဝါဒ ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ရတနာပန္နက်တော်တင်ခြင်းနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် ရတနာ ပန္နက်တိုင် စိုက်ထူပေးစဉ်။ (သတင်းစဉ်)

တမ္ပလောဟ မဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့်ကျောင်းတော်ကြီး ရတနာပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရတနာအုတ်မြစ်တော်စီ

ရန်ကုန် မတ် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ နံနက် ၇နာရီတွင် ပဲခူးတိုင်းသာယာကုန်း စံပြကျေးရွာအနီး ဝမ်းဘောဒတ်တံတားမှ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း ပဲခူးမြို့ ကျက်သရေဆောင် တမ္ပလောဟ မဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့် ထေရဝါဒ ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ပဲခူးတိုင်း ပဲခူးမြို့ကျက်သရေဆောင် တမ္ပလောဟမဟာမုနိရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးမည့် ထေရဝါဒ ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ရတနာပန္နက်တော်တင်ခြင်းနှင့်ရတနာအုတ်မြစ်တော်စီ မင်္ဂလာ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် အဆိုပါ ဂန္ဓကုဋိတိုက် တည်ထားမည့်နေရာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ရတနာပန္နက်တော်တင်ပြီး ရတနာအုတ်မြစ်တော်ကို စီသည်။

မင်္ဂလာအခမ်းအနားသို့ ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ဘာသာရေးအသင်းအဖွဲ့များ၊အလှူရှင်များ၊တပည့် ဒါယကာ၊ဒါယိကာမများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ကိုးပါးသီလခံယူ

ထို့နောက် ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိသုဒ္ဓထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာပန္နက်တော်၊ ရတနာကြုတ်တော်၊ ရတနာရွှေအိုးတော်တို့ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဓမ္မာလင်္ကာရ ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များကဆရာတော်သံဃာတော်အရှင်သူမြတ်တို့အားလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သာသနက အနုမောဒနာတရားဟောကြားပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပန္နက်တော်တင်နှင့် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

ပန္နက်တော်စိုက်ထူ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာပန္နက်တိုင်ကို အုတ်မြစ်တော် အလယ် ဗဟို ပန္နက်တော်နေရာ၌ စိုက်ထူသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများကရတနာပန္နက်တိုင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ထူကြသည်။

ဆက်လက်၍ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအစီအစဉ်ကိုကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာကြုတ်တော်ကို အုတ်မြစ်တော် အလယ်ဗဟိုတွင် ထည့်သွင်းမြှုပ်နှံသည်။

ထို့နောက် ဓမ္မာလင်္ကာရ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက ရတနာမျိုးစုံ ရွှေအိုးကို အုတ်မြစ်တော်၌ ထည့်သွင်းမြှုပ်နှံသည်။

ရတနာအုတ်စီ

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးများက ရတနာအုတ်များကို သတ်မှတ်အစီအစဉ်အတိုင်း စီကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာကမ္ဗည်းကြေးပြားကို အုတ်မြစ်တော်ကို ဖုံးအုပ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထိုအချိန်တွင် ဆရာတော် သံဃာတော်တို့က ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းသည်။

ပူဇော်ကန်တော့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းတော်၌ ဓမ္မာလင်္ကာရဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား ပူဇော် ကန်တော့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီးတည်ထားသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုပူဇော်ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အားမြန်မာမှုပညာရှင်များက မြသာလျောင်းရုပ်ပွားတော်မြတ်ကြီးတည်ထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ရုပ်ပွားတော်မြတ်ကြီး တင့်တယ်သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရုပ်ပွားတော် ပရိဝုဏ်အတွင်းရှိ ဗောဓိပင်အား ရေသွန်းလောင်းပူဇော်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ယောနယ်အသင်း(ရန်ကုန်) ဘွဲ့ခံဆရာတော်ကြီးများ ဂုဏပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၅

ယောနယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ ယောနယ်ဇာတိဖွား၊ ယောနယ်ဒေသ သာသနာပြု၊ သာသနာတော်ဆိုင်ရာ ၂၀၀၄ ခုနှစ် ဘွဲ့ခံဆရာတော်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းခြင်းခံရသောအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တဓမ္မပါလ၊ ကလေးမြို့ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဘဒ္ဒန္တဥတ္တမာဘိဝံသ မဟာဂန္ဓာရုံမြောက်ဒဂုံ၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်ရ ဘဒ္ဒန္တဇဋိလ၊ မြောက်ကုန်း တောင်ကျောင်း ဂန့်ဂေါမြို့နှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဒေါ်ဝံသစာရီပဋ္ဌာရာမ သီလရှင်စာသင်တိုက် လောင်းရှည်ရွာ ဆောမြို့နယ်တို့အား ယောနယ်သူ၊ ယောနယ်သားများနှင့် ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော်၁ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ယောနယ်အသင်းတိုက် အမှတ်(၂၀၂) တတိယထပ် လမ်း(၄၀)တွင် ဂုဏပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

လှူဖွယ်ဝတ္ထုများကို ဦးအေးမောင် (အသင်း ဥက္ကဋ္ဌ) အမှတ်(၅၂)၊ လမ်း(၃၀)ဖုန်း-၂၄၀၆၁၄နှင့် ဦးအောင်မြ (အသင်းဒုတိယဥက္ကဋ္ဌ) အမှတ်(၁၄၀)(၃၇) လမ်း ဖုန်း-၂၅၂၈၁၁တို့သို့ ကြိုတင်ပေးပို့ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အောင်စကြာရိပ်သာ ၁၀ရက်တရားစခန်း

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ရိပ်သာကြီး၌ သင်္ကြန်တွင်း ၁၀ရက် အထူးတရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

စခန်းပွဲတွင် ဘဒ္ဒန္တဝိမလဗုဒ္ဓိ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ဦးစန္ဒာသီရိ (အဖွဲ့ချုပ်နာယက)တို့က ဝိပဿနာတရားဟောကြားမည်ဖြစ်သည်။ ဆွမ်းလှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

အီရတ်တွင် ဖျက်အားပြင်းလက်နက်များ ဖျက်သိမ်းခဲ့ပြီးဖြစ်

ကုလသမဂ္ဂ မတ် ၄

ကုလသမဂ္ဂသံတမန်နှစ်ဦးသည် အီရတ်၏ တားမြစ်ထားလက်နက်များနှင့်ပတ်သက်သော အစီရင်ခံစာကို တွေ့ခဲ့ကြရသည်ဟုဆိုသည်။ ထိုအစီရင်ခံစာကို ယနေ့ ထုတ်ပြန်သွားမည်ဖြစ်သည်။ အစီရင်ခံစာကိုတွေ့ခဲ့ရသော သံတမန်များ၏အဆိုအရ အီရတ်နိုင်ငံ၌ ၁၉၉၄ခုနှစ်နောက်ပိုင်းတွင် ဖျက်အားကြီးမားသော လက်နက်များမရှိတော့ဟု ယုံကြည်ရကြောင်း ဖော်ပြထားသည်ဟုဆိုသည်။

အမေရိကန် လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးက အီရတ်စစ်ပွဲမဖြစ်ပွားမီအချိန်၌ အီရတ်များလက်ဝယ်တွင် ဖျက်အားပြင်းတားမြစ်လက်နက်များ မရှိတော့ဟု ကောက်ချက်ချခဲ့သည်။ ယခုအစီရင်ခံစာသည် ပထမဦးဆုံးအကြိမ်အဖြစ် ကြားလူကတင်ပြသော အီရတ်လက်နက်ကိစ္စ သုံးသပ်ချက်ပင်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တင်ပြမည့် လက်နက်ဆိုင်ရာ အစီရင်ခံစာသည် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲမဖြစ်ပွားမီ ခုနစ်နှစ်ကာလကရရှိထားသော သတင်းအချက်များနှင့် ဒေးဗစ်ကေး၏ တွေ့ရှိချက်များအပေါ်တွင် အခြေခံ၍ တင်ပြထားခြင်းဖြစ်သည်ဟုဆိုသည်။

လက်နက်စစ်ဆေးရေးမှူးကေးက ပြီးခဲ့သောနှစ်အောက်တိုဘာလအတွင်း ၎င်း၏အဖွဲ့ တွေ့ရှိရသော အချက်များနှင့်ပတ်သက်၍ ဖော်ပြခဲ့သည်။ ၎င်း၏ဖော်ပြချက်တွင် ဖျက်အားပြင်း လက်နက်နှင့်သက်ဆိုင်သည့် အစီအစဉ်များကိုသာတွေ့ရကြောင်း၊ သို့သော် တကယ့်ဖျက်အားပြင်းလက်နက်ကို တွေ့ရှိရခြင်းမရှိကြောင်း တင်ပြထားသည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများသည် အီရတ် နိုင်ငံ၌ ၂၀၀၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၃ ခုနှစ်အထိ ဖျက်အားပြင်းလက်နက်များ ရှာဖွေခဲ့သော်လည်း တစ်စုံ တစ်ရာမတွေ့ခဲ့ကြပေ။ အီရတ်စစ်ပွဲ ပြီးဆုံးသွားချိန်တွင် ဖျက်အားပြင်း လက်နက်သွားရောက်ရှာဖွေခဲ့ကြသော အမေရိကန်တပ်ဖွဲ့များသည်လည်း ကုလသမဂ္ဂ လက်နက်စစ်ဆေး ရေးမှူးများကဲ့သို့ပင် တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်းမရှိပေ။

အီရတ်စစ်ပွဲ ပြီးဆုံးသွားပြီးနောက် လက်နက်စစ်ဆေးရေးလုပ်ငန်းများကို အမေရိကန်တို့က ဆောင်ရွက်ခဲ့ကြသည်။ ထိုအခြေအနေတွင် ကုလသမဂ္ဂက လက်နက်ရှာဖွေရာ၌ ပါဝင်ကူညီမည့်အကြောင်း ကမ်းလှမ်းခဲ့သော်လည်း အမေရိကန်ဘုရှ်အစိုးရက ထိုကမ်းလှမ်းချက်ကို တုံ့တိတိပင် ငြင်းပယ်ခဲ့သည်။ ကုလသမဂ္ဂ ကျွမ်းကျင်သူများအစား အပေါင်းပါတပ်ဖွဲ့များမှ ဗြိတိန်နှင့် ဩစတြေးလျကျွမ်းကျင်သူများဖြင့် လက်နက်ရှာဖွေရေးကို လုပ်ဆောင်ခဲ့သည်။

သို့ရာတွင် စစ်မဖြစ်မီက အီရတ်၌ လက်နက်ရှာဖွေခဲ့ကြသော ကုလသမဂ္ဂမှ ကျွမ်းကျင်သူဟန်းဘလစ်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) အကြီးအကဲ မိုဟာမက်အယ်ဘာရာဒေးတို့၏ တွေ့ရှိချက်အစီရင်ခံစာပါအချက်အများအပြားကိုမူ အမေရိကန်လက်နက်စစ်ဆေးရေးအဖွဲ့များက မှန်ကန်မှုမရှိကြောင်း လက်ခံခဲ့ကြသည်။

အီရတ်၏ အဏုမြူလက်နက်အစီအစဉ်သည် ရပ်တန့်နေခဲ့ပြီး ဇီဝနှင့် ဓာတုလက်နက်များရှိကြောင်း အထောက်အထားမတွေ့ရဘဲရှိသည်။ အဆိုပါလက်နက်များကို အီရတ်တို့က ၁၉၉၁ခုနှစ် နောက်ပိုင်းတွင် ဖျက်ဆီးခဲ့ကြပြီးဖြစ်ကြောင်း ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများက ယုံကြည်ထားကြသည်။

အင်တာနက်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွား

မတ် ၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)။

ကုလသမဂ္ဂရုံးခန်းကို ဗြိတိသျှသူလျှိုတို့ အသံခိုးနားထောင်မှု ဗြိတိသျှသံအမတ်အား ကုလအတွင်းရေးမှူးချုပ် ဆင့်ခေါ်

ကုလသမဂ္ဂ မတ် ၃

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ ကုလသမဂ္ဂရုံးခန်းတွင်းအထိ ဝင်ရောက်ကာ ဗြိတိသျှသူလျှိုများက အသံခိုးယူ နားထောင်ခဲ့သည်ဟူသော စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ပိုမိုပြည့်စုံသည့် ရှင်းလင်းတင်ပြချက်ကို အလိုရှိသည်ဟု ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားပြီးသည့်နောက် ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးကို ကြာသပတေးနေ့တွင် အစည်းအဝေးသို့ တက်ရောက်ရန် ဆင့်ခေါ်ထားသည်။

ဗြိတိသျှ နိုင်ငံတကာဖွံ့ဖြိုးမှုဌာနဝန်ကြီးဟောင်း ကလဲရှော့က အီရတ်စစ်ပွဲမဖြစ်ပွားမီ အကြိုကာလက ဗြိတိသျှသူလျှိုများက ကိုဖီအာနန်၏ ကုလသမဂ္ဂရုံးခန်းအထိ သူလျှိုလုပ်ခဲ့ကြကြောင်း ထုတ်ဖော်ပြောကြားပြီး အစည်းအဝေးကျင်းပရန် စီစဉ်ထားသည်။

ဗြိတိသျှသူလျှိုပြုလုပ်သည့် လုပ်ငန်းမှန်ကန်ခဲ့ပါက ယင်းလုပ်ရပ်သည် နိုင်ငံတကာဥပဒေအားချိုးဖောက်သည့်လုပ်ရပ်ဖြစ်ပြီး အမြန်ဆုံး ရပ်တန့်ရန် ကုလသမဂ္ဂ၏ ပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ကပ်က တုံ့ပြန်ပြောကြားသည်။

ဗြိတိသျှအစိုးရထံမှ ဖြေရှင်းချက်တစ်ရပ်တင်သွင်းရေးအတွက် ကိုဖီအာနန်အား ဆက်သွယ်ရန် စောင့်မျှော်နေသလောဆိုသည့် မေးခွန်းကို ဖြေကြားရာတွင် ဖရက်အက်ကပ်က ကိုဖီအာနန်အနေဖြင့် ပိုမိုပြည့်စုံသည့် ဖြေရှင်းချက်တစ်ရပ်ကို လိုလားလျက်ရှိသည်ဟု ထင်မြင်မိကြောင်း ပြောကြားသည်။

ဗြိတိသျှ သူလျှိုများ၏ အသံခိုးယူနားထောင်မှု စွပ်စွဲချက်လူသိရှင်ကြားဖြစ်လာပြီးနောက် ကုလသမဂ္ဂဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး ဂျုံးစ်ပါရီက ဗြိတိသျှ ဝန်ကြီးချုပ် တိုနီဘလဲ၏ ကိုယ်စား ကိုဖီအာနန်ထံသို့ ဖုန်းဆက်အကြောင်းကြားသည်။

သို့ရာတွင် ၎င်းတို့၏ ကနဦးဆွေးနွေးမှုများမှာ အသံခိုးယူဖမ်းမှု ပြဿနာနှင့် သက်ဆိုင်မှုမရှိကြောင်း သံတမန်ရပ်ကွက်က ပြောကြားသည်။

ကုလသမဂ္ဂအနေဖြင့် ကလဲရှော့၏ စွပ်စွဲချက်များနှင့် ပတ်သက်၍ ထိတ်လန့်တကြား ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ကလဲရှော့မှာ ယင်းဖြစ်ရပ်ဖြစ်ပွားစဉ်က အဆင့်မြင့် အရာရှိတစ်ဦး ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ သူမသည် အီရတ်စစ်ပွဲအပြီး အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့သည်။

အင်တာနက်။

အီရတ်စစ်ပွဲအတွင်း ဗြိတိသျှအစိုးရပါဝင်ခဲ့မှု စုံစမ်းစစ်ဆေးရန် နိုင်ငံတကာ တရားရုံးသို့ လျှောက်ထား

လန်ဒန် မတ် ၄

ဗြိတိန်နိုင်ငံမှ နိုင်ငံရေးသမားများနှင့် လေဘာပါတီမှ ဥပဒေပြုအမတ်များ ပါဝင်သည့် အုပ်စုတစ်စုသည် အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲအတွင်း ဗြိတိသျှအစိုးရအနေဖြင့် ပါဝင်ခဲ့မှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးရန် သည်ဟိဂ်မြို့ရှိ နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ ယမန်နေ့က လျှောက်လွှာတင်သွင်းလိုက်သည်။

ဗြိတိသျှအစိုးရအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ သဘောတူခွင့်ပြုချက် မရရှိဘဲ အီရတ်နိုင်ငံအပေါ် အမေရိကန်ဆင်နွှဲသည့် စစ်ပွဲတွင် ပါဝင်ဆင်နွှဲပြီး အပြစ်မဲ့ အရပ်သားများစွာကို သေဆုံးဒဏ်ရာရရှိစေခဲ့ခြင်းကြောင့် ယခုကဲ့သို့ တိုက်တွန်းရခြင်းဖြစ်ကြောင်း အဆိုပါအုပ်စုက ပြောကြားသည်။

အလွန်အရေးပါ

ယင်းအုပ်စုမှ ရှေ့နေတစ်ဦးက ပြောကြားရာတွင် နိုင်ငံတကာရာဇဝတ်ရုံးအနေဖြင့် ယခုကဲ့သို့သော ကိစ္စမျိုးကို သက်သေပြရန်ခက်ခဲကြောင်း၊ သို့ရာတွင် ယခုအချက် အလက်များက စုံစမ်းစစ်ဆေးရန် အလွန်အရေးပါသည့် လိုအပ်ချက်များဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု အင်အိပ်ချ်ကေသတင်းဌာနက ဖော်ပြသည်။ ***အင်အိပ်ချ်ကေ။***

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ နာမကျန်းနှင့် ဒဏ်ရာရသူများကိုပြုစုရန် ကျန်းမာရေးဝန်ထမ်းနှင့် ဆေးဝါးပစ္စည်း မလုံလောက်

ဘဂ္ဂဒက် မတ် ၄

အီရတ်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေရာ နာမကျန်းဖြစ်သူများနှင့် ဒဏ်ရာရရှိသူများကို ပြုစုပေးရန် ကျန်းမာရေးဝန်ထမ်းအင်အား၊ ဆေးဝါးပစ္စည်းကိရိယာများ လုံလောက်မှုမရှိကြောင်း သိရသည်။

အီရတ်ယာယီ အစိုးရကျန်းမာရေးဝန်ကြီး၏ ပြောကြားချက်အရ ပဋိဇီဝဆေးများ လုံလောက်မှုမရှိသောကြောင့် တစ်နှစ်အရွယ် ကလေး(၁၀)ယောက်အနက် တစ်ယောက်မှာ အသက် တစ်နှစ်မပြည့်မီ သေဆုံးနေပြီး မွေးဖွားပြီးစမိခင်ထောင်ပေါင်းများစွာတို့သည်လည်း သေဆုံးခဲ့ရကြောင်း၊ မီးအလင်းရောင်မရရှိမှုကြောင့် ဆေးရုံများသည် မှောင်မည်းနေကြောင်း၊ ၂၀၀၂ခုနှစ်တွင် ကျန်းမာရေးကဏ္ဍအတွက် အသုံးစရိတ်ဒေါ်လာသန်း ၂၀ခန့်ရှိခဲ့ပြီး ယခုနှစ်တွင် အသုံးစရိတ် ဒေါ်လာသန်း ၉၀လျာထားကာ ရေနံထုတ်လုပ်ရောင်းချမှုငွေမှ သုံးစွဲမည်ဖြစ်သည်။

(စီအင်န်အင်န်)

သေးငယ်သည့်နဂါးငွေ့တန်း ရှာဖွေတွေ့ရှိ

ဝါရှင်တန် မတ် ၄

ပြင်သစ်နှင့်ဆွစ်နက္ခတ်ဗေဒပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် ချီလီနိုင်ငံရှိ နက္ခတ်တာရာကြည့်မှန်ပြောင်းကို အသုံးပြုကာ စကြဝဠာအတွင်း ရှာဖွေတွေ့ရှိသမျှ နဂါးငွေ့တန်းများအနက် ကမ္ဘာမှအဝေးကွာဆုံးဖြစ်သော သေးငယ်သည့်နဂါးငွေ့တန်းလေးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်းသိရသည်။

အေဘဲလ် ၁၈၃၅ဟု ခေါ်သော အဆိုပါ နဂါးငွေ့တန်းသည် လူ့သက်တမ်းနှင့် နှိုင်းယှဉ်ပါက နှစ်နှစ်ခွဲအရွယ်ခန့်သာရှိသည့်ဖြစ်ပေါ်စ နဂါးငွေ့တန်းဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း၁၅ဘီလျံခန့်က ဖြစ်ပွားခဲ့သော အလွန်ကြီးမားသည့် ပေါက်ကွဲမှုကြီးမှ အစအနများကို စုဆောင်းရှာဖွေလျက်ရှိသည်။

အဆိုပါပေါက်ကွဲမှုကြောင့် နှစ်သန်း ၃၀၀ခန့်အမှောင်ခေတ်ဖြစ်ပေါ်ပြီးနောက် ကြယ်တံခွန်နှင့် ပထမဆုံးကြယ်တာရာများပြန်လည်မွေးဖွားပေါ်ပေါက်လာခဲ့ခြင်းကြောင့် အေဘဲလ်၁၈၃၅သည် အဆိုပါအကြောင်းအရာများကို သိပ္ပံပညာရှင်များပိုမို သဘောပေါက် နားလည်လာစေရန် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

စကြဝဠာ၏ သက်တမ်းကို ဆုံးဖြတ်ချက်ချနိုင်ရန် ကြိုးစားလျက်ရှိရာ အမေရိကန်အဖွဲ့ထက် ပြင်သစ်၊ ဆွစ်အဖွဲ့က ရှေ့သို့ပိုမိုရောက်ရှိနေကြောင်း စီအက်ဖ်အိုင်သတင်းဌာနက ဖော်ပြသည်။ ***စီအက်ဖ်အိုင်။***

တီကရစ်မြို့ရှိ အမေရိကန်အခြေစိုက်စခန်း တိုက်ခိုက်ခံရ

တီကရစ်(အီရတ်) မတ် ၄

အီရတ်နိုင်ငံ တီကရစ်မြို့ရှိ အမေရိကန် အမှတ်(၄)ခြေလျင်တပ်မ အခြေစိုက်စခန်းကို တွန်းလှန်တိုက်ခိုက်ရေးသမားများက စိန်ပြောင်းဖြင့် ဗုဒ္ဓဟူးနေ့တွင် ပစ်ခတ်တိုက်ခိုက်ရာ ညဉ့်လယ်စာ စားချိန်အတွင်း ထမင်းစားခန်း အနီးတွင် စိန်ပြောင်းဖုံးတစ်လုံး ကျရောက်ပေါက်ကွဲသည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပေ။

ဆူညံ

အီရတ်နိုင်ငံ၏ မြို့တော် ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ဗုဒ္ဓဟူးနေ့ညက ပေါက်ကွဲသံငါးခု မြည်ဟည်းသွားပြီး အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များ၏ ဌာနချုပ်တည်ရှိရာ အစိမ်းရောင်ဒေသမှ ဥသြဆွဲသံများ ဆူညံသွားသည်။ အမေရိကန်စစ်ဘက် ပြန်ကြားရေးရုံးက ယင်းပေါက်ကွဲမှုနှင့် ပတ်သက်သည့် သတင်းများ မရရှိကြောင်း ပြောကြားသည်။

ပစ်ခတ်

စိန်ပြောင်းများဖြင့် တိုက်ဂရစ်မြစ်တစ်ဖက်ကမ်းရှိ အခြေစိုက်စခန်းကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တီကရစ်ရှိ အမှတ်(၄)တပ်မ တပ်မှူးဗိုလ်ချုပ်ရေမွန် အိုဒီယာနိုက အေပီသတင်းဌာနသို့ ပြောကြားသည်။

ကျရောက်

အမှတ်(၄)ခြေလျင်တပ်မ အခြေစိုက်စခန်း၏ ထမင်းစားခန်းအနီးကျရောက်သည့် စိန်ပြောင်းကျည်တစ်စင်းသည် ပေါက်ကွဲခြင်းမရှိပေ။ အခြားစိန်ပြောင်းကျည်နှစ်စင်းသည် လူမရှိသည့် ဒေသများတွင် ပေါက်ကွဲခြင်း ဖြစ်သည်။

မပေါက်ကွဲသည့်စိန်ပြောင်းကျည်ကို တပ်ဖွဲ့ဝင်များက စနက်တံ ဖြုတ်ခဲ့ကြသည်။

ပစ်ခတ်

တီကရစ်မြို့မှ တစ်မိုင်ခန့်ဝေးကွာသည့် အဂျိယယ်မြို့အနီး ကျေးရွာရှိ အိမ်တစ်အိမ်ပေါ်သို့ စိန်ပြောင်းဖြင့် ပစ်ခတ်ရာနေရာမှ လူသုံးဦး ပြေးလာကြသည်ကို တပ်ဖွဲ့ဝင်များက မြင်တွေ့လိုက်ကြောင်း အမှတ်(၁) တပ်ရင်း၏ တပ်မှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးရပ်ဆဲက ပြောကြားသည်။

တပ်ဖွဲ့ဝင်များက ဖော်ပြပါ အိမ်ကို ဝိုင်းထားသော်လည်း ဖမ်းဆီးမှု ရှိ၊ မရှိနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားခြင်းမရှိသေးကြောင်းငင်းကဆက်လက်ပြောကြားသည်။

အင်တာနက်။

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဘေးလွတ်ရာသို့ တိမ်းရှောင်ထွက်ပြေးလာကြသည့် အီရတ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံသားတစ်ဦးကို ပစ်ခတ်ဖမ်းဆီးမှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စစ်ဆေးလျက်ရှိ

တီကရစ်(အီရတ်) မတ် ၄

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသားတစ်ဦးကို ဖမ်းဆီးရန် ကြိုးပမ်းစဉ် အဖမ်းမခံသဖြင့် ၎င်းအား အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စစ်ဆေးလျက်ရှိကြောင်း စစ်ဘက်ပြောရေး ဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

စုံစမ်းစစ်ဆေး

ယင်းတပ်ဖွဲ့ဝင်မှာ အမှတ်(၂၅) ခြေလျင်တပ်မမှ ဖြစ်ပြီးစစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူများက ကယ်ကွတ်အနောက်တောင်ပိုင်း အယ်လ်ဟော်ဝီဂျာမြို့တွင် ဖေဖော်ဝါရီ ၂၇ ရက်က ဖြစ်ပွားသော ပစ်ခတ်မှုတွင် ၎င်းတပ်ဖွဲ့ဝင် ပါဝင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

တီကရစ်အခြေစိုက်အမှတ်(၄)ခြေလျင်တပ်မနှင့် ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးတပ်မက ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်စစ်ဘက်မှ ဗိုလ်မှူး ဂျော့စလင်းအာဘာလီက အေပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းဖြစ်ရပ်မှာ အကြမ်းဖက်သမားဟု သင်္ကာမကင်းသူများကို ဖမ်းဆီးရန် ရည်ရွယ်သည့်စစ်ရေးအရ စစ်ဆင်လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ရာတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအီရတ်နိုင်ငံသား ပစ်သတ်ခြင်းမခံရမီက အမေရိကန် တပ်ဖွဲ့ဝင်များ၏ အဖမ်းမခံဘဲ ငြင်းဆန်ခဲ့ခြင်းကြောင့် ပစ်သတ်ခံခဲ့ရဖွယ် ရှိသည်။ ယင်းအီရတ်နိုင်ငံသားသည် အကြမ်းဖက်သမားဟု သင်္ကာမကင်းဖြစ်ရသူဟုတ်၊ မဟုတ် ရတ်တရက်မသိရသေးပေ။

အစစ်ဆေးခံနေရသည့် တပ်ဖွဲ့ဝင်မှာ မည်သူမည်ဝါဟု ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ ၎င်းအား ကယ်ကွတ်ရှိ အမေရိကန်စစ်စခန်းရှိ စစ်တန်းလျားတွင် အကျဉ်းချထားသည်။

အင်တာနက်။

မတ် ၃ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အမေရိကန်အလံကို မီးရှို့၍ဆန့်ကျင်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ခုခံတိုက်ခိုက်ရေးသမားများ လက်ချက်ဖြင့် သေဆုံး

ဘဂ္ဂဒက် မတ် ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း မောင်းနှင်နေသော အမေရိကန်ကြည်းတပ်မှ ဟမ်းဗီးစစ်မော်တော်ယာဉ်ကို ခုခံတိုက်ခိုက်ရေးအင်အားစုများက လက်ပစ်ဗုံးဖြင့် တိုက်ခိုက်သဖြင့် အင်္ဂါနေ့တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထိမှန်သေဆုံးသွားသည်။

ဒဏ်ရာရ

အခြားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရသွားသည့်အတွက် စစ်ဆေးရုံသို့ တင်ပို့လိုက်ရသည်။ ၎င်းမှာ ပြင်းထန်စွာ ဒဏ်ရာရသည်ဆို၏။ သေဆုံးသူနှင့်ဒဏ်ရာရသူ တပ်ဖွဲ့ဝင်နှစ်ဦးစလုံးမှာ အမှတ်(၁)သံချပ်ကာယန္တရားတပ်မမှဖြစ်သည်။

ယင်းတိုက်ခိုက်မှုသည် လူအများအပြားသေဆုံး၊ ဒဏ်ရာရစေသည့် အီရတ်မြို့တော်ဘဂ္ဂဒက်နှင့် ကာဘာလာမြို့များမှ ဗုံးခွဲတိုက်ခိုက်မှုများနှင့် ဆက်စပ်မှုရှိသည်ဟူ၍ မယူဆကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်အများစုမှာ အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က မေ ၁ ရက်တွင် ကြေညာပြီးနောက် သေဆုံးကြရခြင်းဖြစ်သည်။ *အင်တာနက်။*

အင်္ဂါဂြိုဟ်၌ တစ်ချိန်က ရေရှိခဲ့ဟု နာဆာ ပြောကြား

ဝါရှင်တန် မတ် ၄

အင်္ဂါဂြိုဟ်၏ အစိတ်အပိုင်းအချို့သည် သက်ရှိတို့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် တစ်ချိန်က ရေရှိခဲ့ကြောင်း နာဆာအဖွဲ့က အင်္ဂါနေ့တွင်ပြောကြားသည်။

တစ်ချိန်ကရေစီးဆင်းခဲ့သော သို့မဟုတ် အိုင်ထွန်းနေခဲ့သောမျက်နှာပြင်ကို စူးစမ်းလေ့လာရေးစက်ရုပ်က လေ့လာတွေ့ရှိခဲ့သဖြင့် အင်္ဂါဂြိုဟ်ပေါ်သို့ စူးစမ်းလေ့လာရေးခရီးစဉ်၏ အဓိကရည်မှန်းချက်ကို သက်သေထင်ရှားပြနိုင်ခဲ့ပြီဖြစ်ကြောင်း နာဆာအဖွဲ့၏ တွဲဖက်အုပ်ချုပ်ရေးမှူး အက်ဝေလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

စူးစမ်းလေ့လာရေးစက်ရုပ်၏ တွေ့ရှိချက်များမှာ အသက်ရှင်ရပ်တည်ရန်ဖြစ်နိုင်သည်ဟု သက်သေပြနိုင်သော်လည်း သက်ရှိသတ္တဝါများတွေ့ရှိသည့် အထောက်အထားမဟုတ်ကြောင်း နာဆာအဖွဲ့ကပြောကြားသည်။ အင်္ဂါဂြိုဟ် သိပ္ပံနည်းကျလေ့လာစူးစမ်းရေးလုပ်ငန်းကို ဦးဆောင်သော ကော်နယ်တက္ကသိုလ်မှ စတိဗ်စကေရက်ခ်က အင်္ဂါဂြိုဟ်၏အစိတ်အပိုင်းများတွင် တစ်ခါက ရေစုပ်ယူထားခဲ့သည်ဟု မိမိတို့ကောက်ချက်ချထားကြောင်း၊ သို့ရာတွင် အဆိုပါနေရာများသည် ရေကန် သို့မဟုတ် ရေအိုင် သို့မဟုတ် ပင်လယ်အတွင်း တည်ရှိနေခဲ့သည်ဆိုသောအချက်ကိုမူ အတိအကျ သေချာစွာ မပြောနိုင်သေးကြောင်း ပြောကြားသည်။ *အမ်အင်န်အေ၊ရိုက်တာ။*

ဒေါင့်သန်းရောဂါ ကာကွယ်ဆေးနှင့် ကလေးများသေဆုံးမှု ဆက်စပ်မှုရှိသည်ဆို၍ ဗြိတိန်စစ်ပြန်များ စိုးရိမ်နေ

လန်ဒန် မတ် ၂

ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးမှုနှင့် ကလေးသူငယ်များသေဆုံးမှုတို့ ဆက်စပ်မှုရှိနေသည်ဆိုခြင်းကြောင့် အီရတ်၌ တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိန်တပ်ဖွဲ့ဝင်အချို့က ၎င်းတို့၏ မမွေးရသေးသော ကလေးငယ်များအတွက် စိုးရိမ်မကင်းရှိကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

လွန်ခဲ့သည့်နှစ်မှစ၍ ဟမ်ရှိုင်းယားတပ်ဖွဲ့တွင် သားလျှောမှုနှစ်ခု၊ လမစေ့မီ မွေးဖွားမှုသုံးခု၊ အသေမွေးမှုတစ်မှုနှင့် ကိုယ်ဝန်ပျက်ကျမှုတစ်ခုတို့ ဖြစ်ပွားခဲ့သည်။ အဆိုပါ ကိစ္စတိုင်းတွင် မိဘနှစ်ဦးအနက် နှစ်ဦးစလုံး သို့မဟုတ် အနည်းဆုံး မိဘတစ်ဦးဦးအနေဖြင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးဖူးသူဖြစ်ကြောင်း တွေ့ရသည်။

ဝမ်းတွင်းပါ မသန်စွမ်းသူများ ပိုမိုများပြားမှုနှင့် ထိုးဆေးများအဆက်အစပ်မရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ကလေးသူငယ်များ သေဆုံးကြရမှုကိစ္စကို လူသိရှင်ကြားစုံစမ်းစစ်ဆေးရန် ပင်လယ်ကွေ့စစ်ပြန်များနှင့် မိသားစုများအဖွဲ့(အင်န်ဂျီဗွီအက်ဖ်အေ)က တောင်းဆိုလိုက်သည်။

တောင်းဆို

ပထမပင်လယ်ကွေ့စစ်ပွဲတွင် ပါဝင်သည့်အမျိုးသမီးများအနေဖြင့် ၎င်းတို့ သို့မဟုတ် ၎င်းတို့၏ခင်ပွန်းများအနေဖြင့် ဒေါင့်သန်းရောဂါ ကာကွယ်ဆေးထိုးထားလျှင် အနည်းဆုံး တစ်နှစ်အတွင်း သားသမီးမယူရန် အကြံပြုပြီးနောက် အင်န်ဂျီဗွီအက်ဖ်အေက အထက်ပါအတိုင်း တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

အင်တာနက်။

ငါးပါးသီလချီးမြှင့်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာအောင်မြေဘုံစံကျောင်းဆရာတော်ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ငါးပါးသီလချီးမြှင့်တော်မူစဉ်။ (ကြေးမုံ)

❀ **ကျောဖုံးမှ**

ဒုတိယမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံရုံး၊ ကမ္ဘောဒီးယားနိုင်ငံသံရုံး၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး၊ နီပေါနိုင်ငံသံရုံးတို့မှ သံရုံးအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် စွယ်တော်မြတ်စေတီတော် (ရန်ကုန်) တို့မှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဈေးမိဈေးဖများ၊ ဆွမ်းကွမ်းအလှူရှင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အလှူတော်ခံယူကြမည့် ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နံနက် ၁၁နာရီမှစတင်၍ နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီးများနှင့် ဓမ္မတေးသီချင်းများဖြင့် သီဆိုတီးမှုတ်၍ ဧည့်ခံဖျော်ဖြေသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်၊ သာသနာပြုဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (ကြေးမုံ)

ကြိုတင်ပင့်ဆောင်

နံနက် ၁၁နာရီခွဲတွင် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူကြမည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးကိုးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ပါးနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၄ပါးတို့အား ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး နားနေခန်းသို့ ကြိုတင်ပင့်ဆောင်ထားရှိပြီး ကျန်ဘွဲ့ခံ ဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သီတင်းသုံးမည့် နေရာများသို့ ပင့်ဆောင်ထားရှိကာ လူပုဂ္ဂိုလ်များအား သတ်မှတ်နေရာများ၌ နေရာချထားပေးကြသည်။

ထို့နောက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူတော် တောင်ဘက်မှ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက အောင်သပြေစိုက် ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က ကွမ်းတောင်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူးဦးထွန်းလှက ပန်းကလပ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်းက "နိုင်ငံတော် သံဃမဟာနာယက"ဆိုင်းဘုတ်ကို ကိုင်ဆောင်၍လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

ထို့အတူ ဦးစီးအရာရှိ ဦးထွန်းနိုင်က "တိပိဋကဓရ တိပိဋကကောဝိဒ"ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်က"အဘိဓဇ မဟာရဋ္ဌဂုရု"ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး သုံးပါးတို့အားလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခိုင်အောင်က "အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက"ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီး ကိုးပါးတို့အားလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရွှေက "အဂ္ဂမဟာပဏ္ဍိတ"ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၁၈ပါးတို့အားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ရွှေက "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၅၄ပါးတို့အား လည်းကောင်း အသီးသီး ပင့်ဆောင်လာကြပြီး ဌာနမှူး ဦးရဲငွေက ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။

တီးမှုတ်ပူဇော်

ထိုကဲ့သို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများအား ဝဲယာတစ်ဖက်တစ်ချက်စီတွင် ကနက္ကဒဏ် ထီးဖြူတော်များဖြင့် တန်ဆာဆင်အပ်သော မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာချိန်တွင် နိုင်ငံတော်ဆိုင်းအဖွဲ့က "ရောင်ခြည်တော်ဘွဲ့"သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်သည်။

ထို့အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များကလည်း လက်အုပ်ချီမိုးလျက် ပူဇော်ကြည်ညိုကန်တော့ကြသည်။

ထို့နောက်အခမ်းအနားကိုမွန်းတည့် ၁၂နာရီတွင် စတင်ကျင်းပရာ ရှေ့ဦးစွာ အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ ဧည့်ပရိသတ်များက "နမော တဿ"သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို စတင်သည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုက ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စဉ်လာမပျက် ဆက်ကပ်လှူဒါန်းခြင်းဖြစ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ၁၃၆၅ခုနှစ်၊ ပြာသိုလဆန်း၁၃ရက် (၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ၄ရက်)လွှတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် ထုတ်ပြန်ကြေညာ၍ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယင်းအမိန့်ကြော်ငြာစာအရသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် ဤမဟာမင်္ဂလာအခမ်းအနားကြီးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ယနေ့စည်ကားသိုက်မြိုက်စွာ ကျင်းပရခြင်းဖြစ်ပါကြောင်း။

ယခု၂၀၀၄ခုနှစ်တွင် သံဃာတော်အရှင်မြတ်၂၆၁ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သီလရှင်ဆရာကြီး ၂၄ပါးနှင့် လူပုဂ္ဂိုလ်အမျိုးသား၂၈ဦး၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်၊ သာသနာပြုဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (ကြေးမုံ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

❍ စာမျက်နှာ ၆ မှ

အမျိုးသမီး ၂၂ဦးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းမည်ဖြစ်ပါကြောင်း။

ယခုအခါ ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော ကောင်းမြတ်သည့် အချိန်အခါ ဆိုက်ရောက်ပြီဖြစ်ပါသောကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကြီး ဖွင့်လှစ်ပြီဖြစ်ပါကြောင်းဖြင့် အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားလျှောက်ထားကာ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာအောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသက ငါးပါးသီလ ချီးမြှင့်တော်မူရာ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သစ္စနောဒယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသစ္စနာဘိဝံသ၊ ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသတို့အား သာသနာ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂိယနှင့် ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကုဏ္ဍိယတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အယောင်အဆောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ၊ ပဲခူးတိုင်း သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံ စာသင်တိုက်ကြီးနှင့် မဟာထူပါရုံ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် သောဘနာဝါသကျောင်း ဆရာတော် ဘဒ္ဒန္တသောဘနတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ရခိုင်ပြည်နယ် ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာနန္ဒနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ထုံးဘိုရပ် ဇမ္ဗူမင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဖေယျတိလကာရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဗောယာဂမဝိမလသီရိ (Ven. Boyagama Wimalasiri Maha Nayaka Thero)၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဝံသ၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရ၊ ဧရာဝတီတိုင်း ပုသိမ်မြို့ ဟံသာဝတီကျောင်း ဆရာတော် ဘဒ္ဒန္တကေသဝနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သီတာအေးရပ် မူလဆီးဘန်နီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း(အနောက်) အုတ်ဖိုမြို့ ဝါဆိုဦး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသ၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မူးရစ်ကြီးရွာ သစ္စာဝါဒီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသာမိ၊ ရန်ကုန်တိုင်း လှည်းကူးမြို့ အနောက်မင်းလမ်း ရတနာ့ဗိမာန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ငုက္ခလေးရွာ ငုက္ခလေးကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မကွေးတိုင်း ရေစကြိုမြို့ အောင်မြေသာယာဝန်မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ၊ ပဲခူးတိုင်း (အရှေ့) ဖြူးမြို့ မင်းကျောင်း ဆရာတော် ဘဒ္ဒန္တဝဇီရဉာဏ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ အရှေ့လယ်တီတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒနှင့် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဒါန်ကျေးရွာ ကော့ဒါန်သာသနရက္ခိတကျောင်း ဆရာတော် ဘဒ္ဒန္တဇာဂရ၊ စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် မြစေတီကျေးရွာ ဒက္ခိဏာရာမကျောင်း ဆရာတော် ဘဒ္ဒန္တဇနိတ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှင့် ဇနီးတို့က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဧရာဝဏ်လမ်း မူလကျောက်ချောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒါဘိဝံသ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယန်ရှင်းမြူနီစီပယ်ဒေသ Xieng Yena Natharan ကျောင်းတိုက် ဆရာတော် Ven. Kao Buddhavong၊ ပဲခူးတိုင်း(အရှေ့) သနပ်ပင်မြို့ ဘုရားကြီးပိုင်းရပ်ကွက် ဓမ္မိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ၊ ပဲခူးတိုင်း (အရှေ့) ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ (၁)ရပ်ကွက် မဟာပဏ္ဍိတာဘိဝံသ အင်းချောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိမလာစာရ၊ တနင်္သာရီတိုင်း လောင်းလုံမြို့နယ် ပန်းတင့်အင်းကျေးရွာ ဒက္ခိဏာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒမာလာနှင့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်မှ ဘဒ္ဒန္တ ဉာဏိဿရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်

တိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒသာမိဘိဝံသနှင့် ရန်ကုန်တိုင်း တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အရိယဝံသတို့အား လည်းကောင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဆိုင်းလျှံတောင်တန်း ဝမ်ခုံကျေးရွာ ဝမ်ခုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဘောဂနှင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာ မြင်းတင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ တို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က စာချဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၇ မှ

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာ ရွှေကျောင်း ပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ၊ မကွေးတိုင်း စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ မြောက်ရွာတောကျေးရွာ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကဝိဓဇနှင့် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် ဖလံကုန်းကျေးရွာ ဖလံကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောသလ္လတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မန္တလေးတိုင်း တောင်သာမြို့နယ် သာသနာ့

မူလိကာရာမကျောင်းသစ် စာသင်တိုက် ဆရာတော်ဘဒ္ဒန္တ နန္ဒောဘာသာဘိဝံသ၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အနောက်ပိုင်းရပ်ကွက် နဂါးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသ၊ ရန်ကုန်တိုင်း

အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် ဘဒ္ဒန္တ ကေသဝ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ဘိုကုန်းရပ် ပဲခူးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သီလာစာရနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ အင်ဒိုနီးရှားနိုင်ငံ မာလန်ဘာတူ ဒေသ ထေရဝါဒ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆရာတော် Ven. Rhantidharo Thero Padepokan Dhammatipa တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက စာချ ဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိ...
ဆက်ကပ် လှူဒါန်းအပ်နှင်းပွဲ အခမ်း...
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥ...
ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏...
(အမျိုးသမီး)များအား သာသနာနုဂ္ဂဟ...
တို့ကို အပ်နှင်းစဉ်။

